**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**ကြေညာချက်အမှတ် (၁၉/၂၀၂၂)**

**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်**

# **အသိမှတ်ပြုကြောင်းကြေညာချက်**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ကြေညာချက်အမှတ်(၂/၂၀၂၁)ဖြင့် ကြားကာလယာယီတက္ကသိုလ်ကောင်စီများအား အသိအမှတ်ပြုမည် ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသို့ ကြားကာလယာယီတက္ကသိုလ်ကောင်စီဖွဲ့စည်းပြီး ဖြစ်ကြောင်းကို moe@nugmyanmar.org နှင့် higheredu@moe.nugmyanmar.org Email သို့ (၂၂ ရက် ဖေဖော်ဝါရီလ ၂၀၂၂ မှ ၂၅ ရက် နိုဝင်ဘာလ ၂၀၂၂ နံနက် ၉:၀၀ နာရီအထိ ) ပေးပို့လာသော အောက် ဖော်ပြပါ ကြားကာလယာယီ တက္ကသိုလ်ကောင်စီများနှင့် ကြားကာလ စီမံအုပ်ချုပ်ရေး ကောင်စီများကို အသိအမှတ်ပြုပါကြောင်း နှင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မဟာဗျူဟာ၊ မူဝါဒနှင့်အညီ ဝန်ကြီးဌာန၏ စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် ကြားကာလယာယီတက္ကသိုလ် ကောင်စီ များနှင့်အတူပူးပေါင်းလက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(၁) မအူပင်တက္ကသိုလ်ကြားကာလ၊ ယာယီတက္ကသိုလ်ကောင်စီ**

၃။ ကြားကာလယာယီတက္ကသိုလ်ကောင်စီ (သို့မဟုတ်) ကြားကာလယာယီအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းပြီးသော်လည်း moe@nugmyanmar.org နှင့် higheredu@moe.nugmyanmar.org သို့ Email ပေးပို့ရန် ကျန်ရှိသောကျောင်းများ နှင့် ဖွဲ့စည်းရန်ကျန်ရှိသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ကြားကာလယာယီတက္ကသိုလ် ကောင်စီများ (သို့မဟုတ်) ကြားကာလယာယီစီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းပြီးပါကဖွဲ့စည်းပြီးကြောင်းကို moe@nugmyanmar.org နှင့် higheredu@moe.nugmyanmar.org Email သို့ ဆက်သွယ်ပေးပို့ပါရန်နှင့် ဆက်သွယ်ပေးပို့လာမှု အတိုင်း အသိအမှတ်ပြုကြောင်းကို ဆက်လက် ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

ဒေါက်တာဇော်ဝေစိုး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန